တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

ဆဋ္ဌမနေ့အစီအစဉ်

၁၂-၆-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏**

(၁) "တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့ လွယ်ကူလုံခြုံမြန်ဆန်စွာ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့် မေးခွန်း။

(၂) "မုံရွာမြို့နယ်လဝကရုံးအနေဖြင့် မှတ်ပုံတင်ပြုလုပ်ရာ၌ အခက်အခဲမရှိ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအတွင်းသို့ကွင်းဆင်းပြီး One Stop Service ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ပြည်သူများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာများကို လစဉ်ပုံမှန်သတ်မှတ်ရက်များတွင် အဆင်ပြေလွယ်ကူစွာ ထုတ်ယူခွင့်ရရှိရေး မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးခင်မောင်လွင်၊ တမူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသူ/ကျောင်းသားများအတွက် ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများအား တမူးမြို့သို့ ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''အရာတော်မြို့နယ်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရန် ပြည်သူ့ဆေးရုံကြီးတွင်လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများအား အမြန်ဆုံးဖြည့်ဆည်းရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''မော်လိုက်ခရိုင် ဆေးရုံကြီးတွင် လိုအပ်နေသော ဆရာဝန်၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ ရုံးဖွင့်လှစ်လည်ပတ်နိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်မှရသင့် ရထိုက်သည့် လျှပ်စစ်မီးအခွန်အခများမရရှိခြင်းနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီး/ပျောက်ဆုံးမှုများရှိနေခြင်း၊ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဖောင်းပြင်မြို့၊ ပင်သာကျေးရွာသို့ ပညာရှင်များစေလွှတ်၍ စိမ့်စမ်းချောင်းမှ ရေရရှိရေးအတွက် လိုအပ်သော ပစ္စည်းကိရိယာများရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်ရှိ အမှတ်(၂၀)(အ.မ.က)မူလွန်ကျောင်း မျက်နှာစာရှိလမ်းနှင့် ကျောင်းတောင်ဘက်ရှိလမ်းတို့အား ကျောင်းသား/ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများသွားလာရေးအဆင်ပြေစေရန် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ လွတ်တော်ဥက္ကဋ္ဌမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။

၇။ လွတ်တော်ဒုတိယဥက္ကဋ္ဌမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။

၈။ လွတ်တော်ဥက္ကဋ္ဌမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။